# မြန်မာနိုင်ငံ

## တိုးတက်မှုမရှိ – အားထုတ်ခဲ့သော်လည်း ကလေးအလုပ်သမားအဖြစ် အဓမ္မခိုင်းစေမှု ကျူးလွန်နေခြင်း

၂၀၂၄ တွင် မြန်မာနိုင်ငံသည် တိုးတက်မှုမရှိ ဟူသည့် အကဲဖြတ်မှုကို ရရှိထားသည်။ ကလေးအလုပ်သမား အသုံးချမှု ပြဿနာ ဖြေရှင်းရန် ပဏာမခြေလှမ်းများ စတင်ခဲ့သော်လည်း ကလေးများအား အဓမ္မလုပ်အားခိုင်းစေရာတွင် ပါဝင်ကျူးလွန်နေခြင်း ကြောင့် မြန်မာနိုင်ငံသည် တိုးတက်မှုမရှိကြောင်း သုံးသပ်ထားသည်။ မြန်မာစစ်တပ်သည် ကလေးများအပါအဝင် အရပ်သား များအား ပဋိပက္ခဖြစ်ပွားရာဒေသများ၌ တိုက်ခိုက်ရေးနှင့် တိုက်ခိုက်ရေးမဟုတ်သည့်ကိစ္စများတွင် အထမ်းသမားများ၊ သန့် ရှင်းရေးလုပ်သားများ၊ ထမင်းချက်များနှင့် စိုက်ပျိုးရေးအလုပ်သမားများအဖြစ် ဆက်လက်၍ အဓမ္မခိုင်းစေခဲ့သည်။ စစ်တပ် နှင့် ပတ်သက်သည့် မြန်မာနိုင်ငံထဲရှိ လက်နက်ကိုင်အဖွဲ့များမှလည်း ကလေးများကို စီးပွားဖြစ်လိင်လုပ်ငန်း၌ အသုံးချပြီး နိုင် ငံဖြတ်ကျော်ကျူးလွန်သည့် ရာဇဝတ်ဂိုဏ်းများအား လုံခြုံရေးအကာအကွယ်ပေးထားကြောင်း သတင်းများရရှိသည်။ မြန်မာ နိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ဤအစီရင်ခံစာကာလအတွင်း ပူးပေါင်းဆောင် ရွက်ရေး အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ သို့ရာတွင် မြန်မာစစ်အစိုးရ၏ မူဝါဒများနှင့် လုပ်ဆောင်ချက်များသည် ကျောင်း စာသင်ခန်းများ၌ မြန်မာဘာသာဖြင့်သာ ပို့ချသောကြောင့် ကလေးများ၏ ပညာသင်ကြားခွင့်ကို ဆက်လက် ကန့်သတ်နေဆဲ ဖြစ်သည်။ ရိုဟင်ဂျာကလေးငယ်များမှာ ကျောင်းအပ်ရာတွင်လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်များ ငြင်းပယ်ခံထားရပြီး အစိုးရ၏ ခရီးသွားလာမှုကန့်သတ်ချက်အရ ရိုဟင်ဂျာကလေးများမှာ ကျောင်းတက်နိုင်ရန် အဟန့်အတားဖြစ်နေသည်။ မြန် မာနိုင်ငံတွင် အန္တရာယ်ရှိသည့်လုပ်ငန်းများ၌ ကလေးများမလုပ်ကိုင်စေရန် ကလေးအခွင့်အရေးဆိုင်ရာ ဥပဒေအရလိုအပ်ပြီး တားမြစ်ထားသည့် စာရင်းထုတ်ပြန်ချက်မရှိပါ။ နိုဂုံးအနေဖြင့် အလုပ်သမားဆိုင်ရာ ဥပဒေကို အကောင်အထည်ဖော်သည့် အေဂျင်စီများ သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာဥပဒေများကို အကောင်အထည်ဖော်သည့်အေဂျင်စီများက အစီရင်ခံသည့်ကာလ အတွင်း ကလေးများအား အလုပ်ခိုင်းစေခြင်းကိစ္စကို အရေးယူဆောင်ရွက်ခြင်း ရှိမရှိ မသိရပါ။

## ကလေးအလုပ်သမား ပပျောက်ရေးအတွက် အစိုးရမှလုပ်ဆောင်ရန် *အကြံပြု*ချက်များ

အဆိုးရွားဆုံးပုံစံများဖြင့် ခိုင်းစေခံရသည့် ကလေးအလုပ်သမားပြဿနာပပျောက်ရန် မြန်မာနိုင်ငံမှ နိုင်ငံတကာသို့ ပေးထား သော ကတိကဝတ်များ အကောင်အထည်ဖော်ရာ၌ ကွာဟချက်များ မရှိစေရန် USDOL ၏ အောက်ပါအကြံပြုချက်များဖြင့် အစိုးရမှ ဆောင်ရွက်နိုင်သည်။

| ကဏ္ဍ | လုပ်ဆောင်ရန် အကြံပြုချက် |
|---|---|
| ဥပဒေ<br><br>မူဘောင်ဆိုင်ရာ | ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်အရ ကလေးသူငယ်များအတွက် တား မြစ်ထားသော အန္တရာယ်ရှိသည့် အလုပ်အမျိုးအစားများကို နိုင်ငံတော်ဥပဒေ သို့မဟုတ် စည်း မျဉ်းဖြင့် သတ်မှတ်ပါ။ |
| | မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းအပါအဝင် တရားမဝင်သည့် လုပ်ရပ်များ၌ အသက် ၁၈ နှစ်အောက်ကလေးများအား အသုံးချခြင်း၊ ဝယ်ခိုင်းခြင်း၊ ကမ်း လှမ်းခြင်းတို့အတွက် ရာဇဝတ်ပြစ်ဒဏ်များ ပြဋ္ဌာန်းသတ်မှတ်ပါ။ |
| | အလုပ်လုပ်နိုင်သည့် အသက်သတ်မှတ်ချက်နှင့် တစ်ပြေးညီဖြစ်စေရန် မသင်မနေရ အတန်း ပညာ သင်ကြားသည့်အသက်ကို ၁၁ နှစ်မှ ၁၄ နှစ်သို့ တိုးမြှင့် သတ်မှတ်ပါ။ |

| ကဏ္ဍ | လုပ်ဆောင်ရန် အကြံပြုချက် |
|---|---|
| **အကောင်အထည်ဖော်ခြင်း** | အလုပ်ခွင်စစ်ဆေးရေးအဖွဲ့အား လုံလောက်သောငွေကြေးနှင့် ပစ္စည်းထောက်ပံ့ပေးပြီး အ လုပ်သမားဦးရေ ၂၂.၆ သန်းခန့်အတွက် အနည်းဆုံး အလုပ်ခွင် စစ်ဆေးရေးအရာရှိ ၅၆၅ ဦးကို ခန့်အပ်ပါ။ |
| | စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ ဆောက်လုပ်ရေး၊ ငါးဖမ်းလုပ်ငန်းများ အပါအဝင် အလုပ်ခွင် စစ်ဆေးမှုများကို မြို့ပြ၏ ပြင်ပနေရာများတွင်ပြုလုပ်ပြီး ကလေးအလုပ်သမား အသုံးချလေ့ ရှိသည့် ကဏ္ဍများအားလုံးသို့ စစ်ဆေးမှုများ ဖြန့်ကျက်လုပ်ဆောင်ရမည်။ |
| | အသုံးချအမြတ်ထုတ်ခြင်းမှ ကယ်တင်လွတ်မြောက်ခဲ့သည့် ကလေးများအား လူမှုရေးဝန် ဆောင်မှုများအတွက် လူမှုဖူလုံရေးဌာနသို့ လွှဲပြောင်းသည့်လုပ်ငန်းစဉ်ကို ထူထောင်ရမည်။ |
| | ရှောင်တခင် ဝင်ရောက်စစ်ဆေးမှုများအတွက် စက်ရုံပိုင်ရှင်များအား မစစ်ဆေးမီ ကြိုတင် အ သိပေးသည့် လုပ်ရပ်များကို ရပ်တန့်ပြီး အလုပ်ခွင် စစ်ဆေးနေစဉ်အတွင်း နေရာပေါင်းစုံမှ အ လုပ်သမားများအား မေးမြန်းခြင်းများ ပြုလုပ်ရမည်။ |
| | အလုပ်သမားဥပဒေ အကောင်အထည်ဖော်မှုဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ပါ။ ၎င်း တွင် အလုပ်ခွင်စစ်ဆေးမှုဆိုင်ရာ ငွေကြေးထောက်ပံ့မှု၊ အလုပ်ခွင်စစ်ဆေးသည့် အရေအ တွက်၊ စစ်ဆေးမှုသည် ပုံမှန် သို့မဟုတ် ပစ်မှတ်ထား လုပ်ဆောင်ခြင်း ဟုတ်မဟုတ် သို့မဟုတ် ကြိုတင်အသိပေးမှု ရှိမရှိ၊ ကလေးလုပ်အား အသုံးချမှု ချိုးဖောက်ခြင်း တွေ့မတွေ့၊ ကလေး လုပ်အား အသုံးချမှု ချိုးဖောက်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်မှု ရှိမရှိ၊ ကလေးလုပ်အား အသုံး ချမှု ချိုးဖောက်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်မှုကို စုဆောင်းခြင်း ရှိမရှိ၊ အလုပ်ခွင် စစ်ဆေး ရေးအရာရှိများအား လုံလောက်သည့် သင်တန်းများပို့ချခြင်း ရှိမရှိတို့ ပါဝင်သည်။ |
| | ရာဇဝတ်မှုဆိုင်ရာ အရေးယူလုပ်ဆောင်မှု အချက်အလက်များကို တရားဝင် ထုတ်ပြန်ပါ။ ၎င်း တွင် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားများကို အသုံးချသည်ဟု သံသယရှိသည့် အမှု များအား စုံစမ်းစစ်ဆေးမှု ရှိမရှိ၊ အပြစ်ပေး အရေးယူခြင်း ရှိမရှိ၊ ကျူးလွန်သူအား ပြစ်ဒဏ် စီ ရင်ခြင်း ရှိမရှိ၊ ရာဇဝတ်မှုဆိုင်ရာ ရဲအာဏာပိုင်အရာရှိများအား သင်တန်းများ ပို့ချထားခြင်း ရှိ မရှိတို့ ပါဝင်သည်။ |
| | အလုပ်သမားဥပဒေ ချိုးဖောက်ခြင်းများအတွက် ပြစ်ဒဏ်များသည် ယင်းသို့ ချိုးဖောက်ခြင်း ကို တားဆီးနိုင်လောက်သည့် သင့်တော်သော ပြင်းထန်မှုရှိရမည်။ လက်နက်ကိုင် ပဋိပက္ခများ အတွင်း ကလေးများအား စုဆောင်းအသုံးချရာတွင် ပါဝင်ပတ်သက်သည့် စစ်အစိုးရအရာရှိ များအား ၎င်းတို့၏ ကျူးလွန်မှုအတွက် တာဝန်ခံမှု ရှိစေရမည်။ စစ်တပ်အတွက် ကလေးများ အား စုဆောင်းအသုံးချမှုနှင့် စပ်လျဉ်းသည့် ပြစ်ဒဏ်များသည် ယင်းကြီးမားသည့် ရာဇဝတ်မှု များနှင့် မျှတသည့် ပြစ်ဒဏ်များ ဖြစ်ရမည်။ |
| | အဆိုးရွားဆုံးပုံစံဖြင့် ချိုးဖောက်ခံရသည့် ကလေးအလုပ်သမားများအား ဖမ်းဆီး ချုပ်နှောင် သည့် လုပ်ရပ်များကိုရပ်တန့်ပြီး ၎င်းတို့အား သင့်လျော်သည့် လူမှုအဖွဲ့အစည်းများသို့ လွှဲ ပြောင်းပေးရမည်။ |

| ကဏ္ဍ | လုပ်ဆောင်ရန် အကြံပြုချက် |
|---|---|
| | အစိုးရစစ်တပ်အတွက် ကလေးများအား စုဆောင်းခေါ်ယူခြင်းကို တားဆီးရန်အတွက် အ သက် ၁၈ နှစ်အောက် ကလေးများက စစ်တပ်သို့ ဝင်ရောက်ခြင်းကို တားဆီးသည့် ဥပဒေများ ပြဋ္ဌာန်းအကောင်အထည်ဖော်ပါ။ |
| | အဓမ္မလုပ်အားပေးခိုင်းစေမှုကို တိုင်ကြားနိုင်သည့် နိုင်ငံတော်ယန္တယားသည် သက်ဝင်နေပြီး လွတ်လပ်သည့် အဖွဲ့အစည်းဖြစ်ကာ ကလေးစစ်သား စုဆောင်းမှုဆိုင်ရာ တိုင်ကြားမှုများကို လက်ခံနိုင်ကြောင်း သေချာစေရမည်။ |
| | ကျေးလက်ဒေသများအတွက် အပါအဝင် ရဲဌာနများအား ကလေးလုပ်အား အသုံးချသည့် ရာ ဇဝတ်မှုများကို စုံစမ်းစစ်ဆေးသည့် အရာရှိအရေအတွက် လုံလောက်စွာ ချထားပေးရမည်။ |
| **ပူးပေါင်းဆောင်ရွက်မှု** | အဆိုးရွားဆုံးသောပုံစံဖြင့် ကလေးလုပ်အားအသုံးချမှုနှင့်ပတ်သက်ပြီး အစိုးရဝန်ကြီးဌာန များအားလုံးအကြား ဆက်သွယ်ခြင်း အပါအဝင် ပုံမှန်နှင့် မကြာခဏ ညှိနှိုင်း ဆောင်ရွက်ရ မည်။ |
| | မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီက နိုင်ငံအတွင်း ကလေးလုပ်အားအသုံးချမှု တားဆီးရေးအတွက် ကိုင်တွယ်လုပ်ဆောင်သည့် လုပ်ရပ်များကို နှစ်စဉ် ထုတ်ပြန်ရမည်။ |
| | ကလေးစစ်သားစုဆောင်းမှု ကာကွယ်တားဆီးရေးကော်မတီတွင် ဆိုင်းငံ့ထားသော ကလေး စစ်သားဆိုင်ရာ အမှုကြွေးများကို ဖြေရှင်းရန် နည်းလမ်းရှာပါ။ |
| **အစိုးရ မူဝါဒများ** | သက်တမ်းကုန်ဆုံးနေပြီဖြစ်သော မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အ မျိုးသားကော်မတီ၏ အစီအစဉ်များကို သက်တမ်းတိုးခြင်းဖြင့် ကလေးများကို အဓမ္မခိုင်းစေ ခြင်း၊ ကလေးများအား စီးပွားဖြစ် လိင်လုပ်ငန်းတွင် အသုံးချခြင်းတို့ အပါအဝင် အဆိုးရွားဆုံး သောပုံစံဖြင့် ကလေးလုပ်သား အသုံးချမှုအားလုံးကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး ဆောင်ရွက် ကြောင်း သေချာပါစေ။ |
| | မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်၊ လူကုန်ကူးမှု တိုက်ဖျက်ရေး အမျိုးသား ငါးနှစ်စီမံကိန်းတို့ အပါအဝင် ကလေးများ၏ သုခကောင်းကျိုးအပေါ် သက်ရောက်စေသည့် မူဝါဒများကို အကောင်အထည်ဖော်ပြီး ယင်းလုပ်ဆောင်ချက်များ၏ရလဒ်များကို နှစ်စဉ် ထုတ်ပြန်ကြေညာပါ။ |
| **လူမှုရေး အစီအစဉ်များ** | ကလေးများအပါအဝင် ရိုဟင်ဂျာ ဒုက္ခသည်များ ရခိုင်ပြည်နယ်သို့ လုံခြုံစွာ နေရပ်ပြန်နိုင်ရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ပြီး ရိုဟင်ဂျာကလေးများ ပညာသင်ကြားရေးနှင့် ရိုဟင်ဂျာများ သွားလာလှုပ်ရှားမှုကို အဟန့်အတားများဖြစ်နေသည့် နိုင်ငံသားဖြစ်ခွင့် လိုအပ် ချက်ကို ဖယ်ရှားရမည်။ |
| | စစ်အစိုးရတပ်ဖွဲ့ဝင်များ၊ အစိုးရမဟုတ်သော လက်နက်ကိုင်တပ်များက ကျောင်းများတွင် စ ခန်းချနေရာယူထားခြင်းမှ ဆုတ်ခွာပေးခြင်းဖြင့် ပညာသင်ခွင့် အဟန့်အတားဖြစ်နေခြင်းကို ဖယ်ရှားခြင်း၊ ကျေးလက်ဒေသတွင် ကျောင်းများဆောက်လုပ်ခြင်း၊ သွယ်ဝိုက် ကျောင်းစရိတ် များကို ဖယ်ရှားခြင်း၊ ဘာသာစကား အခက်အခဲရှိသည့် ကလေးများအား ပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင်ပါ။ |

| ကဏ္ဍ | လုပ်ဆောင်ရန် အကြံပြုချက် |
|---|---|
| | ကလေးများကို အဓမ္မခိုင်းစေခြင်း၊ ကလေးများအား စီးပွားဖြစ် လိင်လုပ်ငန်းတွင် အသုံးချ ခြင်းတို့ အပါအဝင် အဆိုးရွားဆုံးသောပုံစံဖြင့် ကလေးလုပ်သားအသုံးချမှုအားလုံးကို ကိုင် တွယ်ဖြေရှင်းနိုင်ရေး အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည် ဖော်ပါ။ |
| | အဆိုးရွားဆုံးသောပုံစံဖြင့် ကလေးလုပ်သား အသုံးချခံခဲ့ရသူများအတွက် ဝန်ဆောင်မှု ပေးနိုင် ရန် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လုံလောက် သည့် အရင်းအမြစ်နှင့် ဝန်ထမ်းများ ရှိစေရမည်။ |